# ကာလကတ္တားလူငယ်ကွန်ဖရင့်ရဲ့တကယ့်သရုပ်မှန်

## (၁၁ - ၇ - ၂၀၁၀)

ဆိုဗီယက်ယူနီယံပြိုကွဲသွားတယ်ဆိုတော့ အနောက်နိုင်ငံများက ပြောလေ့ရှိကြတဲ့ သံကန့်လန့်ကာကြီးလည်း ပြိုကျ သွားပြီလို့ ဆိုရပါမယ်။ ဒီအခါမှာ တချိန်က လျှို့ဝှက်ချက်တွေကို ဖော်ထုတ်လို့ရတော့မယ်ဆိုပြီး ဂမ်းသာအားရ ဟစ်ကြွေး ခဲ့ကြသူတွေ မနည်းဘူး ပေါ်ထွက်ခဲ့ပါတယ်။ "စတာလင်ရဲ့ရက်စက်မှု" ဆိုတာမျိုးတွေအတွက် အထောက်အထားတွေ ရတော့မယ်၊ ကေဂျီဘီလုပ်ရပ်တွေကို တွေ့ရတော့မယ်ဆိုတဲ့ မျှော်လင့်ချက်တွေ အနှံ့အပြားပေါ်ထွက်ခဲ့ပါတယ်။

ဒါပေမဲ့ နှစ်ပေါင်းနှစ်ဆယ်သာကျော်သွားရော ထူးခြားတဲ့အထောက်အထားတွေကို တွေ့ရတယ်ဆိုတဲ့ ပြောသံတွေ တယ်မကြားရပါဘူး။ စစ်အေးစစ်အတွင်း အကြီးအကျယ်ဂါဒဖြန့်ခဲ့တာတွေကို အတည်ပြုတဲ့ အထောက်အထားတောင်မှ မတွေ့ရပါဘူး။ ဒါနဲ့ပြောင်းပြန် အရင်ကဖြီးထား၊ ရှိုးထားတာတွေကို ချေဖျက်တဲ့အချက်အလက်တွေသာ တခုပြီးတခု ပေါ်ထွက်လာခဲ့ပါတယ်။

အဲဒီအထဲက တခုကတော့ ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ **ကာလကတ္တားလူငယ်ကွန်ဖရင့်** နဲ့ ပတ်သက်တဲ့အချက်တွေပဲ ဖြစ်ပါတယ်။ ကာလကတ္တားလူငယ်ကွန်ဖရင့်လို့ ဆိုလိုက်တာနဲ့ ဒီကွန်ဖရင့်ကို သခင်သန်းထွန်းတို့ သွားတက်ခဲ့တယ်၊ ကွန်မင်ဖောင် (Conminform) ဆီက ညွှန်ကြားချက်တွေ ရယူလာခဲ့တယ်၊ အဲဒီကနေ "ပြည်တွင်းစစ်ကို ဖန်တီးခဲ့ ကြတယ်"၊ ဇဒါးနော့ဗ် (Zadhanov) အစီရင်ခံစာစတဲ့ ဗမာပြည်ခေတ်သစ်သမိုင်းနဲ့ ဆက်နေတဲ့ကိစ္စတွေကို တွေးမိကြလိမ့်မယ်လို့ ထင်ပါတယ်။

ဒီကိစ္စကို ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလထုတ် အရှေ့တောင်အာရှဆိုင်ရာလေ့လာရေးဂျာနယ်(Journal of South- east Asian Studies) ထဲက စာမျက်နှာ ၄၄၉ ကနေ ၄၆၉ အထိ၊ စာမျက်နှာ ၂၀ ရှိတဲ့ ဆောင်းပါးထဲမှာပါတဲ့ Did the Soviet Union instruct Southeast Asian Communists to revolt? (New Russian evidence on the Calcutta Youth Conference of February 1948) ဆိုတဲ့ ဆောင်းပါးထဲမှာ ပါတဲ့အချက်တွေက အပြည့်စုံဆုံး ဖြေရှင်းပေးလိုက်တယ်ဆိုရင် မမှားဘူးထင်ပါတယ်။

ဆောင်းပါးကိုရေးတဲ့သူက လယ်ရစ္စာအယ်ဖီမိုဗာ(Larisa Efimova) ဆိုသူ ဖြစ်ပါတယ်။ သူ့ဆောင်းပါးအစမှာပဲ "ဤဆောင်းပါးမှာ ကာလကတ္တားလူငယ်ကွန်ဖရင့်နှင့် ပတ်သက်သော ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) သမဂ္ဂပေါင်းစုံ ဗဟိုကော်မတီ၏ မလျှို့ဝှက်တော့သော မှတ်တမ်းစာစောင်များ (Declassified archival documents from the Central Committee of the All-Union Communist Party (of Bolsheviks) concerning the Calcutta Youth Conference of February 1948") ကို အထောက်အထားပြုပါသည်" လို့ ဖော်ပြထားပါတယ်။ တဆက်ထဲမှာသူက "ဤအထောက် အထားများမှာ 'မော်စကိုက ညွှန်ကြားချက်တွေ' ကို အဲဒီအချိန်က အရှေ့တောင်အာရှကွန်မြူနစ်ပါတီတွေဆီ ပို့ပေးပြီး အင်ဒိုနီးရှား၊ မလေးရှား၊ ဗမာ၊ နောက်ပြီး အဲဒီနောက်တနှစ် ဖိလိပိုင်မှာ သူပုန်ထမှုတွေ ပေါ်ပေါက်စေခဲ့သည်ဆိုသော ပြောဆိုချက်များနှင့် ပဋိပက္ခဖြစ်နေသည်" လို့ ရေးထားပါတယ်။

ဒီဆောင်းပါးကိုရေးတဲ့ လာရစ္စာအယ်ဖီမိုဗာဟာ မော်စကိုနိုင်ငံတကာ့ဆက်ဆံရေးသိပ္ပံက အာရှအာဖရိကဆိုင်ရာ လေ့လာရေးဌာနက ပါမောက္ခဖြစ်ပြီး အင်ဒိုနီးရှားနဲ့ မလေးရှားနိုင်ငံတို့ရဲ့ ဘာသာရေးနဲ့ နိုင်ငံရေးတို့ကို အထူးပြုသူ ဖြစ်ပါတယ်။ ဆိုဗီယက်ယူနီယံရဲ့ညွှန်ကြားမှုဆိုတာကို အလေးထားပြောဆိုနေကြသူတွေ အားလုံးလိုလိုဟာ ၁၉၄၇ ခုနှစ် တပိုက်မှာ ဆိုဗီယက်ဟာ ပေါ်လစီအသစ်တွေ ချမှတ်ခဲ့တယ်လို့ ဆိုခဲ့ကြပါတယ်။ အထူးသဖြင့် ဇဒါးနော့ဗ်ရဲ့ "အုပ်စုနှစ်ခု သဘောတရား" (Two Camp Doctrine) ကို ထောက်ပြကြပါတယ်။ ဒါပေမဲ့ လယ်ရစ္စာအယ်ဖီမိုဗာကတော့ ဒီလိုပြောဆိုမှုတွေကို အတည်ပြုစရာ ဘယ်မှာမှ၊ ဘာမှမတွေ့ရဘူးလို့ ရေးပါတယ်။ သူတို့ဟာ အဲဒီကာလက ဆိုဗီယက်က ထုတ်ဝေတဲ့စာစောင်တွေနဲ့ ကွန်မင်ဖောင်လမ်းစဉ်မှာပါတဲ့ ကိုလိုနီနိုင်ငံများပြဿနာနဲ့ ပတ်သက်တဲ့ ပြင်းထန်တဲ့ စကားလုံးတွေကို ထောက်ပြပြီး မှန်းအုပ် - ရမ်းတုတ်ခဲ့ကြတာ ဖြစ်တယ်လို့လည်း ဆောင်းပါးရေးသူက ဆိုပါတယ်။ အဲဒီလူတွေအနေနဲ့ ဆိုဗီယက်ယူနီယံဟာ အဲဒီဒေသတွေမှာ တော်လှန်ရေးတွေစတင်ကြဖို့ လှုံ့ဆော်တယ်ဆိုတဲ့ အချက်ကို စာစောင်စာတမ်းနဲ့ တိကျခိုင်မာတဲ့ အထောက်အထား တခုမှမပြနိုင်ဘူးလို့လည်း သူက ထောက်ပြထားပါတယ်။ သူရှာဖွေတွေ့ရှိ၊ ကိုးကားထားတဲ့ အထောက်အထားတွေဟာ သာမန်မဟုတ်ပါဘူး။ ဆိုဗီယက်ပါတီဗဟိုကနေ သူတို့ကိုယ်စားလှယ်အဖွဲ့ဆီကိုပို့ပေးတဲ့ ညွှန်ကြားချက်တွေကို အခြေပြုထားတာ ဖြစ်ပါတယ်။ အဲဒီတုန်းက ဆိုဗီယက်ပါတီထဲမှာ ဒီကိစ္စကို တာဝန်ယူထားသူတွေက ဇဒါးနော့ဗ်၊ ကူဇနက်ဆော့ဗ်နဲ့ ဆူးဆလော့ဗ် (A.A. Zhdanov, A.A. Kouznetsov and M.A. Suslov) တို့ ဖြစ်ပါတယ်၊

အရှေ့တောင်အာရှနိုင်ငံ လူငယ်များကွန်ဖရင့်ကို ကာလကတ္တားလူငယ်ကွန်ဖရင့်ကို ၁၉၄၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်မှ ၂၆ ရက်နေ့အထိ အိန္ဒိယနိုင်ငံ၊ ကာလကတ္တားမြို့မှာ ကျင်းပခဲ့ပါတယ်။ နိုင်ငံပေါင်း ၂၅ နိုင်ငံက လက်ဝဲယိမ်း လူငယ် အဖွဲ့တွေရဲ့ ကိုယ်စားလှယ် ၉၃ ဦး တက်ရောက်ခဲ့ကြပါတယ်။ ဒီအထဲမှာ အိန္ဒိယက ၁၈ ဦး၊ ပါကစ္စတန်က ၉ ဦး၊ ဗမာပြည်က ၇ ဦး၊ မလေးက ၁ ဦး၊ အင်ဒိုနီးရှားက ၅ ဦး၊ ဗီယက်နမ်က ၆ ဦး၊ သီဟိုဠ်က ၁ ဦး၊ ဖိလိပိုင်က ၂ ဦးနဲ့ တရုတ်က ၇ ဦးတို့ ဖြစ်ပါတယ်။ မဲပေးခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေက ၅၆ ဦးပါ။ ဒါ့အပြင် လေ့လာသူများအဖြစ် မြောက်ကိုရီးယား၊ မွန်ဂိုးလျားနဲ့ အာရှတိုက်ရှိ ဆိုဗီယက်ပြည်နယ်များတို့က ၁၅ ဦး တက်ရောက်ခဲ့ကြပါတယ်။ ကနေဒါ၊ ဗြိတိန်၊ ပြင်သစ်နဲ့ တခြားနိုင်ငံတွေက ၂၂ ဦးနဲ့ ဆိုဗီယက်ယူနီယံက ၃ ဦးတို့ကို ဧည့်သည်အဖြစ်ဘိတ်ကြား တက်ရောက်စေခဲ့ပါတယ်။

ဒီကွန်ဖရင့်မှာ ဆိုဗီယက်ကိုယ်စားလှယ်အဖွဲ့ကို ဆိုဗီယက်ကွန်မြူနစ်ပါတီ (ဘော်ရှီဗစ်) ဗဟိုက တိတ်တဆိတ်ပေးတဲ့ ညွှန်ကြားချက်

တစောင် ရောက်ရှိခဲ့ပါတယ်။ အဲဒီအထဲမှာ "အောက်ပါအချက်များကို သဘောတူလိုက်ကြရန်" လို့ ပါရှိပါတယ်။ အဲဒါတွေက -

၁။ အရှေ့တောင်အာရှနိုင်ငံများ လူငယ်များ၏ နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်လပ်ရေး၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီရေးတို့အတွက် တိုက်ပွဲများ။

၂။ နယ်ချဲ့စနစ်ကို တိုက်ပွဲဝင်နေကြသည့် အရှေ့တောင်အာရှနိုင်ငံ လူငယ်များ၏ လိုအပ်ချက်များနှင့်တိုက်ပွဲများ။

၃။ ဤနိုင်ငံများအတွင်း လူငယ်လုပ်ငန်းများကို အားဖြည့်တောင့်တင်းစေရန်။ ကမ္ဘာ့ဒီမိုကရက်တစ်လူငယ်များ အဖွဲ့ချုပ် (WFDY) နဲ့ နိုင်ငံတကာကျောင်းသားများသမဂ္ဂ (IUS) တို့နှင့် ဆက်သွယ်မှုများ ဖွံ့ဖြိုးစေရန်

ဆိုတာတွေ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက် တက်လာတဲ့အစိုးရတွေကို ဖြုတ်ချဖို့၊ သူပုန်ထကြဖို့ဆိုတာတွေ တခွန်းမှ မပါပါဘူး။

အဲဒီသုံးချက်နဲ့အတူ တပါတည်းညွှန်ကြားတာက "ဤကွန်ဖရင့်သည် ကမ္ဘာ့ဒီမိုကရက်တစ်လူငယ်များ၏ ကိုလိုနီ နိုင်ငံများမှ ပြည်သူများ၏ နယ်ချဲ့ဖိနှိပ်မှုကို ဆန့်ကျင်သည့်တိုက်ပွဲများအား ထောက်ခံရမည်။ အကြောင်းမှာ ဤသည် တကမ္ဘာလုံး ဆင်နွှဲနေကြသော ငြိမ်းချမ်းရေးနဲ့ဒီမိုကရေစီရေးတိုက်ပွဲကြီးနှင့် ဆက်နေခြင်းကြောင့်ဖြစ်သည်" ရယ်လို့ ဖြစ်ပါတယ်။ လက်တွေ့လုပ်ငန်းအနေနဲ့ ဒီကွန်ဖရင့်ကနေ အောက်ပါအချက်များကို လက်တလောလုပ်ငန်းစဉ်အဖြစ် ချမှတ်နိုင်အောင် ကြိုးစားဖို့တိုက်တွန်းထားပါတယ်။

- လူငယ်အားလုံးအဖို့ နိုင်ငံရေးနဲ့ အရေးပါတဲ့လူမှုအခွင့်အရေးတွေ ရရှိရေး။
- အလုပ်သမားလူငယ်များအဖို့ အလုပ်နဲ့လူမှုဖူလုံရေးအခွင့်အရေး အာမခံချက်ရှိရေး။
- လယ်သမားလူငယ်များအဖို့ မြေရရှိရေး၊ မြေရှင်များရဲ့သွေးစုပ်မှု လျော့နည်းရေး စသည်။
- ကျောင်းသားများအဖို့ အခမဲ့ပညာရေးနဲ့ အခမဲ့အထောက်အကူများရရှိရေး။
- အားလုံးအဖို့ လွတ်လပ်တဲ့သမဂ္ဂများနဲ့ ဒီမိုကရေစီအဖွဲ့အစည်းများ တည်ရှိခွင့်။

အဲဒီအချက်တွေလောက်နဲ့တော့ ဘယ်သူမှ လက်နက်ကိုင်တော်လှန်ရေး မလုပ်ဘူးဆိုတာ ရှင်းပါတယ်။

ဒီဆောင်းပါးရဲ့အစပိုဒ်မှာ "ယခု တွေ့ရှိရသည့် အချက်အလက်များတွင် ဆိုဗီယက်ခေါင်းဆောင်ပိုင်းက အာရှတိုက်မှ ကွန်မြူနစ်များအား သူတို့နိုင်ငံတွေမှာ ထိုစဉ်က အာဏာရနေသည့် အမျိုးသားဓနရှင်အစိုးရတွေကို တွန်းလှန်ပုန်ကန်ရန် လှုံ့ဆော်တိုက်တွန်းတဲ့ အစီအစဉ်အထောက်အထား မတွေ့ရပါ" လို့ ပါရှိပါတယ်။

ကရင်မလင်က စာစောင်စာတမ်းတွေကို သုတေသနပြုခဲ့တဲ့ ဆောင်းပါးရှင်ဟာ ဆိုဗီယက်က လူငယ်ကိုယ်စားလှယ် အဖွဲ့ထဲမှာ ဆိုဗီယက်ခေါင်းဆောင်က ထည့်လိုက်တဲ့ အော်လ်ဂါချယ်ချက်ကီးနား (Olga Chechetkina) ရဲ့ ပါတီကို လျှို့ဝှက်အစီရင်ခံစာ၊ သူ့ဆီကိုပို့တဲ့ ပါတီရဲ့လျှို့ဝှက်ညွှန်ကြားချက် စတာတွေကိုလည်း လေ့လာဖတ်ရှုခွင့်ရခဲ့ပါတယ်။ အော်လဂါဟာ သတင်းစာသမားတဦးဖြစ်ခဲ့ပြီး အရှေ့တောင်အာရှနိုင်ငံပေါင်းစုံကို ရောက်ဖူးခဲ့သူလည်း ဖြစ်ပါတယ်။ သူဟာ အဲဒီနိုင်ငံတွေတခုစီရဲ့ နိုင်ငံရေး၊ လူမှုရေးအခြေအနေတွေကို သူ့ပါတီဆီ မပြတ်အစီရင်ခံနေသူလည်း ဖြစ်ပါတယ်။ သူ့အစီရင်ခံစာတနေရာမှာ "ဤနိုင်ငံများတွင် ဒုတိယကမ္ဘာစစ်နှင့် ဂျပန်အုပ်စိုးမှုကြောင့် နိုင်ငံရေးနိုးကြားမှုနှင့် နိုင်ငံရေးလှုပ်ရှားမှုများ မြင့်တက်နေသည်။ ထို့ကြောင့် လူထုကြားတွင် ကွန်မြူနစ်များ၏ ဩဇာကလည်း တက်နေသည်" လို့ ရေးထားပါတယ်၊

သူ့ဆောင်းပါးရဲ့ နိဂုံးချုပ်အပိုင်းမှာပါတဲ့ ဒီစာသားတွေကို ဖတ်ကြည့်ရင် သိမီသူများအနေနဲ့ အဲဒီတုန်းက အခြေအနေတွေကို ပြန်သတိရမှာ အမှန်ပါပဲ။

"အရှေ့တောင်အာရှ ကွန်မြူနစ်များအနေဖြင့် ဆိုဗီယက်ယူနီယံဆီက လက်နက်အပါ ရုပ်ဝတ္ထုအကူအညီတွေ ရလိုကြသော်လည်း ဆိုဗီယက်တို့က ဤသည်ကို လက်ရှောင်သည်။ အရှေ့တောင်အာရှ ကွန်မြူနစ်များနှင့် ပုံမှန်ဆက် သွယ်မှုပင် မထားရှိချေ။"

"ဆိုဗီယက်ပါတီခေါင်းဆောင်ပိုင်းသည် ဤနိုင်ငံများရှိ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲများ အောက်ပွဲခံ - မခံ ဆိုသည်ကိုပင် သံသယရှိကြသည်။"

"ဆိုဗီယက်တို့အနေဖြင့် အင်ဒိုနီးရှားနှင့် အရှေ့တောင်အာရှတိုက်တို့မှ အခြေအနေများကို မပြတ်လေ့လာ စောင့်ကြည့်ကြသည်။ သို့သော် ၁၉၄၈ ခုနှစ် နွေဦးအထိ အဲဒီက ကွန်မြူနစ်လှုပ်ရှားမှုများနှင့် ခပ်လှမ်းလှမ်းမှာသာ နေခဲ့သည်။ ထိုနိုင်ငံများ၏ ပြည်တွင်းရေးများတွင် မပါအောင်ကြိုးစားခဲ့သည်။"

ဗကပ ဟာ ဆိုဗီယက်က ညွှန်ကြားလို့ လက်နက်ကိုင်တော်လှန်ရေးလုပ်တယ်လို့ ပြောနေကြတဲ့ လူတွေထဲမှာ လာရစ္စာအယ်ဖီမိုဗာလို ထဲထဲဝင်ဝင်သုတေသနပြုသူ ဘယ်တယောက်များ ရှိပါသလဲ။ အခုထက်ထိ စစ်ထောက်လှမ်းရေး အဆက်ဆက်တောင် လက်ဆုပ်လက်ကိုင်မပြနိုင်တဲ့ ဦးကျော်ငြိမ်းရဲ့ထွင်လုံး "ဂိုရှယ်စစ်တမ်း" ဆိုတဲ့ လံကြုတ်မျိုးတွေကို အာဏာအသုံးပြုပြီး အတင်းဖိပြော၊ ဒီပေါ်ကနေ ဒီမိုကရေစီအခွင့်အရေးတွေ ပိတ်ပင်နေတာဟာ ဗမာပြည်နိုင်ငံရေးမှာ ဒီနေ့အထိ ခေတ်စားနေတဲ့ အာဏာရသူတွေရဲ့လုပ်ဟန် ဖြစ်နေဆဲပါပဲ။

မှတ်စု။

(၁) Cominform ကို (၁၉၄၇) မှာ ဖွဲ့တယ်။ ၁၉၅၆ မှာ ဖျက်သိမ်းတယ်။ ကွန်မြူနစ်သတင်းပြန်ကြားရေးဗျူရိုအဖြစ်ဖွဲ့တာ ဖြစ်တယ်။ ဘူလ်ဂေးရီးယား၊ ချက်ကိုစလိုဗက်ကီးယား၊ ပြင်သစ်၊ ဟန်ဂေရီ၊ အီတလီ၊ ပိုလန်၊ ရူမေးနီးယား၊ ဆိုဗီယက်ယူနီယံနဲ့ ယူဂိုစလားဗီးယား ကွန်မြူနစ်ပါတီတွေ ပါဝင်တယ်။ ရည်ရွယ်ချက်က အဲဒီပါတီတွေ ညှိနှိုင်းဆောင်ရွက်ကြဖို့ ဖြစ်တယ်။

(၂) ကာလကတ္တားလူငယ်ကွန်ဖရင့်ကို ဗမာပြည်က သွားတက်တဲ့ (၇) ဦးမှာ အများစုက ဗမာပြည်ဒီမိုကရက်တစ် လူငယ်များအဖွဲ့ချုပ် (တပ်နီတပ်ဖွဲ့ကို ရုပ်သိမ်းပြီး ဖွဲ့ထားတဲ့ လူငယ်အဖွဲ့ချုပ်) က ဖြစ်တယ်။ သခင်သန်းထွန်း၊ သခင်ဗသိန်းတင်တို့က အိန္ဒိယကွန်မြူနစ်ပါတီနဲ့ တွေ့ဆုံဆွေးနွေးဖို့ လိုက်ပါသွားတာ ဖြစ်တယ်။

www.cpburma.org